# **တတိယအကြိမ်မြောက် မြစိမ်းတောင်ဆရာတော်တရားစခန်း**
# **၂၁-၁၁-၂၀၁၂ မှ ၂၉-၁၁-၂၀၁၂ အထိ**
# **စိန့် ဂျွန်းကျွန်း၊ စင်္ကာပူ**

**ယောဂီများအား အထူး မေတ္တာရပ်ခံချက်**

(၁) ယောဂီများ စိတ်အေးချမ်းသာစွာ ထိထိရောက်ရောက် အကျိုးရှိစွာ တရားအားထုတ်နိုင်ရန်နှင့် တရားအားထုတ်မှုကို အနှောက်အယှက်ဖြစ်စေမည့် ဖုန်းဆက်သွယ်ခြင်း၊ Hand held Electronic Devices များ သုံးစွဲခြင်း မပြုလုပ်ရန် မေတ္တာရပ်ခံပါသည်။ ဟန်းဖုန်းများကို သက်ဆိုင်ရာ အဆောင်မှူး ယောဂီများထံ အပ်နှံ ထားရပါမည်။ မိမိတို့ Handphone များကို မအပ်နှံခင် Silent Mode ဖြစ်စေ စက်ပိတ်ထားခြင်းဖြစ်စေ၊ နှစ်သက်ရာ ပြုလုပ်ထား နိုင်ပါသည်။

**( Please Do Not Use Handphone)**

(၂) ယောဂီများအားလုံးသည် သူတပါး အနှောက်အယှက် ဖြစ်စေမည့် အနေအထိုင်၊ အပြောအဆို၊ အပြုအမူ များ မပြုလုပ်မိစေရန် သတိထား ဆောင်ရွက် ရပါမည်။

ဥပမာ။ ။ တရားထိုင်ခန်းမအတွင်း မလွဲမရှောင်သာသည့် အခြေအနေမှအပ မိမိထံမှ မည်သည့် အသံမှ မထွက်မိစေရန် သတိထားဆောင်ရွက်ခြင်း၊ အထူးသဖြင့် ည အနားယူချိန် နှင့် မနက်စောစော တို့ တွင် ယောဂီများ အိပ်ဆောင်အတွင်း၌ စကားပြောခြင်း၊ အသံထွက်စေမည့် ကြွတ်ကြွတ်အိတ်၊ ပလပ်စတစ်အိပ်များ၊ ခရီးဆောင်အိတ်များ၊ သော့များကို အသံမြည်အောင် သုံးစွဲခြင်းများ မပြုလုပ်ရန် မေတ္တာရပ်ခံပါသည်။

**(Please Be Considerate to Others)**

(၃) တရားရှုမှတ်မှုဖြင့်သာ အချိန်ပြည့် နေရမည်ဖြစ်သဖြင့် အမှန်တကယ်လို အပ်သည့်အချိန်မှအပ စကားမပြောရပါ။ လိုအပ်ချက်များ ရှိပါကလည်း သက်ဆိုင်ရာ အဆောင်မှူးထံသာ ပြောကြားရပါမည်။

**(No Talking Please)**

(၄) တရားထိုင်ခန်းမ၊ တရားဟောခန်းမ နှင့် ဆွမ်းစားဆောင်သို့ ကြွရောက်ရန် အချက်ပေးကြေးစည် **၁၅ မိနစ်ကြို ခေါက်** မည်ဖြစ်ပြီး **၁၀ မိနစ်ခန့် အတွင်း** အရောက်လာရန် လိုအပ်ပါသည်။ **(Please Be Punctual)**

(၅) ယောဂီများဘက်မှလည်း အနှောက်အယှက်ဖြစ်လောက်သော အပြုအမူများ ကြုံတွေ့ရပါက အဆောင်မှူးများထံ အကြောင်းကြားနိုင်ပါသည်။

**(Please Feedback Positively)**

အထက်ပါ မေတ္တာရပ်ခံချက်များကို ဖတ်ရှုပြီး ကောင်းစွာနားလည် သဘော ပေါက်ပါသည်။

လက်မှတ် ____________________

အမည် ____________________

(စည်းကမ်းချက် စာရွက်ကို လက်မှတ်ထိုးပြီး၊ မိမိတို့ နေထိုင်မည့် ယောဂီဆောင်သို့ ရောက်သောအခါ သက်ဆိုင်ရာ အဆောင်မှူးများထံ အပ်ရပါမည်။)

တရားစခန်းစတင်သည်နေ့ (၂၁-၁၁-၂၀၁၂) မနက် ၉း၃၀ ခန့် တွင် ကြေးစည် ၂ ချက်ခေါက်သည့် အချိန်တွင် တရားဟောခန်းမသို့ သီလယူရန်နှင့်တရားနာရန် **၁၀ မိနစ် အတွင်း** လာရောက်ရပါမည်။

# တတိယအကြိမ်မြောက် မြစိမ်းတောင်ဆရာတော်တရားစခန်း
# ၂၁-၀၁-၂၀၁၂ မှ ၂၉-၀၁-၂၀၁၂ အထိ
# စိန့် ဂျွန်းကျွန်း၊ စင်္ကာပူ

**အဆောင်မှူးများ၏တာဝန်**

ယောဂီအိပ်ဆောင်တိုင်းတွင် ယောဂီများထဲမှ တစ်ယောက်ကို အဆောင်မှူးအဖြစ် တာဝန်ပေးထားမည်ဖြစ်ပြီး အဆောင်မှူးများတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ပထမဆုံးနေ့ (၂၁-၀၁-၂၀၁၂) တွင် ယောဂီများ အိပ်ဆောင်သို့ စရောက်သည့်အချိန်တွင် ယောဂီများ၏ Handphone များ၊ လက်မှတ်ထိုးပြီးဖြစ်သော ယောဂီများ လိုက်နာရန် စည်းကမ်းချက်များ စာရွက်၊ IC Copyနှင့် အတူအဆောင်မှူးများမှ လက်ခံထားပြီး စည်းကမ်းထိမ်းသိမ်းရေး တာဝန်ခံ ထံတွင် အပ်နှံရန်

(၂) တရားစခန်းအတွင်း ယောဂီများ လိုအပ်သည့် အကူအညီများကို ဝေယျာဝိစ္စတာဝန်ခံများနှင့် ဆက်သွယ် ဖြေရှင်း ဆောင်ရွက်ပေးရန်

(၃) ယောဂီ အိပ်ဆောင်များအတွင်း လိုအပ်ချက်များရှိပါက ဝေယျာဝိစ္စတာဝန်ခံများထံ အကြောင်းကြားပေးရန်

(၄) ယောဂီများ တရားအားထုတ်မှုနှင့် အနားယူမှုကို အနှောက်အယှက် ဖြစ်စေမည့် အပြုအမူများ ကို ပြုလုပ်မိသည့် ယောဂီ များကို (မေတ္တာရှေ့ထား) သတိပေးရန် (သို့ မဟုတ်) တရားစခန်း စည်းကမ်း ထိမ်းသိမ်းရေး တာဝန်ခံထံ အခြားယောဂီများ တရားအားထုတ်မှုကို မထိခိုက်စေရန် အလို့ ငှာ အကြောင်းကြားပေးရန်

(၅) အကြောင်းရှိပါက လိုအပ်သည်များကို ယောဂီများအား သတင်းပြန်ကြားပေးရန်

(၆) နောက်ဆုံးနေ့ တရားစခန်း သိမ်းပြီးချိန်တွင် Badge များပြန်သိမ်းရန် နှင့် Handphone များပြန်ပေးရန်